

# iPhone ထိန်းသိမ်းရေး tip များ

ထိုက်သင့်တဲ့တန်ဖိုးပေးပြီး ဝယ်ထားရတဲ့ iPhone လေးကို ဘယ်အချိန်ကြည့်ကြည့်ဝယ်တုန်းကအတိုင်း အသစ်လိုပုံစံ လေးဖြစ်နေ စေချင်ရင်တော့ ကိုယ်တိုင် ဂရုစိုက်ပြီး ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြင်ပသွင်ပြင်အတွက် လိုအပ်တဲ့ ထိန်းသိမ်းစောင့်ရှောက်ပုံနဲ့ system ပိုင်းထိန်းသိမ်းပုံကို ပြောပြပေးချင်ပါတယ်။

## Rebooting

iPhone ပိုင်ရှင်တချို့ဟာ သူတို့ရဲ့ iPhone တွေကို mini computer တစ်လုံးလို့ သတ်မှတ်လာကြပြီး computer တွေလိုပဲ ပုံမှန်ပြုပြင်ထိန်းသိမ်းမှုတွေ လုပ်ဖို့လိုအပ်တယ်လို့ ယူဆလာကြပါတယ်။ သူတို့တွေရဲ့ အကြံပေးမှုတွေထဲမှာ ပါတာတစ်ခုကတော့ iPhone ကို ပုံမှန် reboot လုပ်တာပဲဖြစ်ပါတယ်။ နေ့စဉ် တစ်ကြိမ်လောက် reboot လုပ်သင့်တယ်ဆိုတဲ့ အကြံပေးမှုတွေလည်းရှိပေမယ့် အနည်းဆုံးတစ်ပတ်တစ်ကြိမ်လောက်တော့ reboot လုပ်သင့်တယ်လို့ ထင်ပါတယ်။

## သဘာဝဒဏ်ကနေ ကာကွယ်ဖို့

တစ်ခါတလေကျရင် iPhone ကို အလွယ်တကူနဲ့ အင်္ကျီအိတ်ကပ်ထဲထည့်ထားတာ၊ ခါးမှာချိတ်ထားတာမျိုး လုပ်တတ်ကြပါတယ်။ တကယ်တော့ အဲဒီနေရာတွေက နေဒဏ်၊ မိုးဒဏ်လိုမျိုး သဘာဝဒဏ်တွေကို ပိုမိုထိတွေ့စေပါတယ်။ ဒါကြောင့် iPhone case တွေကို သုံးသင့်ပါတယ်။ အဲဒီ အိမ်ခွံတွေကို ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုးနဲ့လည်း ရနိုင်နေတဲ့အပြင် တချို့ အိမ်ခွံတွေမှာ card တွေထည့်ဖို့နေရာတောင် ပါတတ်ပါတယ်။ ပြီးတော့ ခါးမှာချိတ်ဖို့ clip ပါတာမျိုးလည်း ရှိပါတယ်။ ဒီလို အိမ်ခွံထဲထည့် သုံးတာက iPhone ကို ထူထဲလေးလံသွားစေတယ်လို့ စောဒကတက်ကြပေမယ့် ဒါက ကိုယ့်ရဲ့ phone ကို ထိန်းသိမ်းဖို့ လိုအပ်တဲ့အရာတစ်ခု ဖြစ်နေတာကိုတော့ မမေ့စေချင်ပါဘူး။

## Screen ကို သန့်ရှင်းရေးလုပ်ခြင်း

ဒါကလည်း လူတော်တော်များများ လက်တွန့်တတ်တဲ့ iPhone ထိန်းသိမ်းနည်းတစ်မျိုးပါပဲ။ အဓိကကတော့ screen က အထိအတွေ့အာရုံ အရမ်းကောင်းလွန်းလို့ပါ။ ဒါပေမဲ့လည်း မလုပ်မဖြစ် လုပ်ရမှာဖြစ်ပါတယ်။ တစ်ခုတော့ ရှိပါတယ်။ အဲဒါက screen ကို သန့်ရှင်းရေးလုပ်တော့မယ်ဆိုရင် အချိန်ကြာကြာလေး အားလပ်နေတဲ့အခါမှသာ လုပ်ရမှာ ဖြစ်ပါတယ်။ အရေးအကြီး ဆုံးက screen ကို သန့်စင်တဲ့အခါ ဘယ်လိုဓာတုဗေဒပစ္စည်းကိုမှ မသုံးရတာပဲ ဖြစ်ပါတယ်။ ရေရယ် micro fiber အဝတ်စရယ်ပဲလိုပြီး အဝတ်ကို အရမ်းစိုရွှဲအောင်လည်း မလုပ်ရပါဘူး။ အစိတ်အပိုင်းတွေကို ရေဝင်ပြီး ပျက်စီးသွားပါလိမ့်မယ်။ ပြီးတော့ စက်ပိုင်းပုံစံအတိုင်းလည်း မတိုက်ရပါဘူး။ Screen ကို တစ်ပတ်တစ်ကြိမ်၊ ဒါမှမဟုတ် နှစ်ပတ်တစ်ကြိမ်လောက်ပဲ သန့်ရှင်းဖို့လိုပါတယ်။

## ထိခိုက်ပျက်စီးခြင်းကနေ ကာကွယ်ဖို့

iPhone ကို နေရာတကာမှာ ဒီအတိုင်းပဲထားခဲ့ဖို့ မသင့်ဘူးဆိုတာလောက်ကတော့ သိပြီးသားပါ။ ဒါပေမဲ့လည်း ထပ်မှာပါရစေ။ ရေတို့၊ အရည်တို့ တစ်ခုခုထိမိစွန်းမိသွားတာမျိုး၊ တိုက်မိတွန်းမိတာမျိုးတွေ မဖြစ်အောင် သတိထားဖို့တော့ လိုပါလိမ့်မယ်။ ပြီးတော့ အရွယ်အစားကလည်းသေးတာကြောင့် ပျောက်ရလည်း လွယ်ပါတယ်။ တကယ်လို့ သေချာဂရုမစိုက်ရင် screen ရော၊ ကျောဘက်ပါ ခြစ်ရာ ရှရာတွေနဲ့ ပြည့်နေမှာ ဖြစ်ပါတယ်။

## iPhone skin တပ်ထားဖို့လိုအပ်

ခြစ်မိဖို့လွယ်တဲ့ iPhone screen ကို ကာကွယ်ထားဖို့ skin နဲ့ cover အမျိုးမျိုးကို ရွေးချယ်နိုင်ပါတယ်။ ဒါကိုဝယ်ဖို့ အချိန်နည်းနည်းပေးပြီး နည်းနည်းရွေးကြည့်သင့်ပါတယ်။ ကိုယ်လိုချင်တဲ့ပုံစံ၊ သုံးမယ့်ပိုက်ဆံပေါ်မူတည်ပြီး ရွေးချယ်စရာတွေ အများကြီးရှိနေတာကြောင့် ဘာတစ်ခုမှ မထိခိုက်မိခင် ဝယ်တပ်ထားဖို့ လိုအပ်ပါလိမ့်မယ်။

## Battery ထိန်းသိမ်းရေး

iPhone battery က အကောင်းဆုံးအခြေအနေမှာမရှိရင် ကျန်တဲ့လုပ်ငန်းဆောင်တာတွေကိုလုပ်ဖို့ မေ့ထားလိုက်ပါတော့။ Battery ထိန်းသိမ်းရေးလုပ်ဖို့ကလည်း လွယ်ကူရိုးရှင်းပါတယ်။ တစ်လတစ်ကြိမ်လောက် battery ကို လုံးဝ ကုန်သွားအောင် သုံးပြီးမှ အားပြန်သွင်းရုံပဲ ဖြစ်ပါတယ်။ ■